# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 12, 2020 | Volume 36, Number 8


**၁၂.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၁ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၂၀၀၀ |
| ဒေါ်လာဈေး | = ၁၂၉၇/- ကျပ် |
| CBM Rate | = ၁၂၈၁.၂ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၁၂.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၄၄.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၆၈.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၅.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၀.၀၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၄၇၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၁.၄၅ ကျပ် |
| မလေးရှားရင်းဂစ် | =၃၀၉.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၁၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာနိုင်ငံ၏ ကုန်တင်ပို့မှုလမ်းကြောင်းတွင် ခုနစ်လအတွင်း ရေကြောင်းမှ ၅၅ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး ကုန်းကြောင်းမှ ရာခိုင်နှုန်း ၂၀ ကျော်နှင့် လေကြောင်းမှ ငါးရာခိုင်နှုန်းနီးပါး တင်ပို့




မြန်မာနိုင်ငံ၏ ကုန်တင်ပို့မှု/ တင်သွင်းမှုလမ်းကြောင်းတွင် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှဧပြီလအထိ ခုနစ်လအတွင်း ရေကြောင်းမှ ၅၅ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး ကုန်းကြောင်းမှ ရာခိုင်နှုန်း ၂၀ ကျော်နှင့် လေကြောင်းမှ ငါးရာခိုင်နှုန်း နီးပါးတင်ပို့ထားကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ပပို့ကုန်/ သွင်းကုန်စာရင်းဇယားများ ပြည့်စုံမှန်ကန်မြန်ဆန်စွာ ပြုစုရေးအဖွဲ့မှသိရသည်။

ကုန်တင်ပို့မှု/ တင်သွင်းမှုလမ်းကြောင်းတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှ ဧပြီလအထိ ခုနစ်လအတွင်း ပို့ကုန်များကို ကုန်းကြောင်းမှ ၂၀ ဒသမ ၁၄ ရာခိုင်နှုန်း၊ ရေကြောင်းမှ ၅၅ ဒသမ ၁၅ ရာခိုင်နှုန်း၊ လေကြောင်းမှ ၄ ဒသမ ၈၈ ရာခိုင်နှုန်းနှင့် ဓာတ်ငွေ့ပိုက်လိုင်းမှ ၁၉ ဒသမ ၈၄ ရာခိုင်နှုန်း တင်ပို့ခဲ့သည်။ သွင်းကုန်တွင် အဆိုပါကာလအတွင်း ကုန်းကြောင်းမှ ၁၄ ဒသမ ၉၆ ရာခိုင်နှုန်း၊ ရေကြောင်းမှ ၈၀ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် လေကြောင်းမှ ၄ ဒသမ ၇၉ ရာခိုင်နှုန်းတင်သွင်းခဲ့ကြောင်း ပြည်ပပို့ကုန်/သွင်းကုန် စာရင်းဇယားများ ပြည့်စုံမှန်ကန်မြန်ဆန်စွာ ပြုစုရေးအဖွဲ့မှသိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း စုစုပေါင်းပို့ကုန်ကဏ္ဍတွင် ထပ်ဆင့်တိုးတန်ဖိုး ကုန်ပစ္စည်း (Value Added) များ၏ ပါဝင်မှုရာခိုင်နှုန်း ၆၀ နီးပါး၊ ချုပ်ပြီး အထည်မှ ၂၆ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ကဏ္ဍမှ ရာခိုင်နှုန်း ၂၀ နီးပါးအထိ တင်ပို့ခဲ့ကြောင်း ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ပထမခြောက်လပတ် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအမှတ်စဉ် ၈/၂၀၂၀ အရ သိရသည်။ တန်ဖိုးမြင့်ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချခြင်းများ၊ ဈေးကွက်တွင် ပိုမိုနေရာ

ရစေမည့် လယ်ယာစိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုများပါဝင်သည့် တင်ပို့ကုန်အမျိုးအစားများ အမျိုးမျိုးကို ဖြစ်ပေါ်စေရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅ ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅ မူဘောင်သည် မြန်မာနိုင်ငံ၏ မိုက်ခရို၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းနှင့်ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် လက်ရှိတင်ပို့ရောင်းချနေသူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးမည်ဖြစ်ကြောင်းသိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သည်စက်မှုအသင်းချုပ်နှင့်ပူးပေါင်းပြီး နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ နည်းပညာအကူအညီဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ အား ဒီဇိုင်းရေးဆွဲရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပွဲများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ NES သည် မြန်မာနိုင်ငံ၏ ပို့ကုန်ဆောင်ရွက်ချက်များ ကမ္ဘာ့စီးပွားရေးတွင် အရှိန်မြင့်တင်ရာတွင် ထောက်ပံ့ကူညီပေးမည်ဖြစ်သည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်း၊ အခြေခံစားသောက်ကုန် ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့်ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှု သတင်းအချက်အလက် ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍ စသည်တို့လည်းပါဝင်သည်။

**Source:** https://news-eleven.com/article/195243

## ရန်ကုန်တိုင်းအစိုးရကစစ်ဆေးပြီး အဆင့် (A)ရသည့် စက်ရုံများ ကိုဗစ်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြန်ဖွင့်ခွင့်ရမည်

ကျန်းမာရေးလမ်းညွှန်ချက်အတိုင်း လိုက်နာနိုင်သည်ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စိစစ်ပြီး အဆင့် (A) ရရှိသည့် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများအား COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြန်လည်လုပ်ကိုင်ခွင့်ပြုကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အောက်တိုဘာ ၁၁ ရက်တွင် အမိန့်ထုတ်ပြန်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်ခစား (CMP) စက်ရုံ၊ အလုပ်ရုံနှင့်အလုပ်ဌာနများ ပြန်လည်ဖွင့်လှစ်နိုင်မည့်ကိစ္စနှင့်ပတ်သက်၍ အောက်တိုဘာ ၁၀ ရက်က နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် သတင်းထုတ်ပြန်စဉ် ယင်းလုပ်ငန်းများမှာ ကျန်းမာရေးလမ်းညွှန်ချက် လိုက်နာမှု (A) အဆင့်ရရှိပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်ပြန်လည်ဖွင့်လှစ်လုပ်ကိုင်နိုင်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် အောက်တိုဘာ ၁၁ ရက်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး လက်မှတ်ရေးထိုးထားသည့် အမိန့်စာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည် ဖွင့်လှစ်လုပ်ကိုင်နိုင်ကြောင်းဆိုသည့်အစား COVID-19 ကာကွယ်၊ ထိန်းချုပ်၊ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြန်လည်လုပ်ကိုင်ခွင့်ပြုကြောင်းဟူ၍ စာသားပြောင်းလဲခဲ့သည်။

ထိုသို့ အမိန့်စာနှစ်စောင် ထုတ်ပြန်မှုတွင် အကြောင်းအရာ အချက်အလက် ပြောင်းလဲမှုမရှိသော်လည်း စက်ရုံများ ပြန်လည်ဖွင့်လှစ်ခွင့်ပေးနိုင်သည့် လုပ်ပိုင်ခွင့်ရှိသူအပြောင်းအလဲဖြစ်ပေါ်မှုကိုသတိထားမိကြောင်း မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူးချုပ် ကိုသက်နှင်းအောင်ကပြောသည်။ "ကျွန်တော်တို့အထင်တော့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်ကိုပြန်သိမ်းပြီး ကိုဗစ်ဗဟိုကော်မတီက ခွင့်ပြုပေးမယ်ဆိုတဲ့ သဘောတွေ့ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လည်ပတ်ခွင့်ပြုလိုက်တဲ့ စက်ရုံ၊ အလုပ်ရုံတွေရဲ့အခြေအနေကို အစိုးရကအပြည့်အဝတာဝန်ယူဖို့တော့ပြောချင်တယ်။ ဘယ်လို သမာသမတ်ကျကျ စိစစ်ခွင့်ပြုမှာလဲဆိုတာလည်း မေးခွန်းတွေရှိနေပါတယ်"ဟု ကိုသက်နှင်းအောင်ကပြောသည်။

အဆိုပါ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်သတ်မှတ်ချက်များအတိုင်း အပြည့်အဝလိုက်နာဆောင်ရွက်နိုင်မည်ဆိုပါက လိုက်နာမှုအဆင့် (A) သတ်မှတ်ခံရမည် ဖြစ်ကာ အောက်တိုဘာ

၁၂ ရက်ကစ၍ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်နိုင်မည်ဟု ကြေညာချက်များမှသိရသည်။ ထိုသို့ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်ခွင့်နှင့်ပတ်သက်၍ နိုင်ငံပိုင်မီဒီယာနှင့်သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြေညာချက် နှစ်စောင်ပြောင်းသွားသော်လည်း အဓိပ္ပာယ်မှာ ကွာခြားမှု ရှိဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးကဆိုသည်။ ထိုသို့ လက်ခစား CMP စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများအား စစ်ဆေးမှုပြုလုပ်မည့် အစီအစဉ်နှင့်ပတ်သက်၍ ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းရာ ဆက်သွယ်၍မရပေ။ စက်ရုံ၊ အလုပ်ရုံများအားစစ်ဆေး၍ အဆင့်သတ်မှတ်ချက် ပေးရာတွင် ရှင်းလင်းပွင့်လင်းစွာ ထုတ်ပြန်ပေးရန်နှင့် ဖွင့်လှစ်ခွင့်ပြုသည့်စက်ရုံများအား ရှောင်တခင်ပြန်လည်ဝင်ရောက်စစ်ဆေး ပေးရန် အလုပ်သမားအဖွဲ့အစည်းများက တောင်းဆိုထားသည်။

**Source:** https://7day.news/detail?id=201753

## ကျောက်ပန်းတောင်းမြို့၌ ဝါးအဆင့်မြင့်ကုန်ချောများ ထုတ်လုပ်လျက်ရှိ



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရွှေနဒီပရဟိတဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်ဘဒ္ဒန္တယုဇန၏ အစီအစဉ်ဖြင့် သဘာဝပတ်ဝန်းကျင် အထောက်အကူဖြစ်စေရန်အတွက် ဝါးစိုက်ပျိုးဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ဝါးအဆင့်မြင့်ကုန်ချော ထုတ်လုပ်ခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဝါးများကို အဆင့်မြင့်ကုန်ချောများ ထုတ်လုပ်နိုင်စေရန်အတွက် နည်းပညာ လေ့လာပြီး အမြဲတမ်းလုပ်သားကိုးဦးဖြင့် ဝါးများကို ပေါင်းတင်ခြင်း၊ ပိုးသတ်ခြင်းနှင့် ဝါးအဆင့်မြင့်ထုတ်ကုန်များဖြစ်သည့် ဝါးဆက်တီ၊ ဝါးဒန်း လေးစင်၊ နှစ်ဖက်ထိုင် ဝါးနားနေဆောင်ငယ်၊ ဝါး Dream bed အစရှိသည့် ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိသည့်အပြင် မိမိတို့ကြိုက်နှစ်သက်ရာ ဒီဇိုင်းပေး၍ မှာယူနိုင်ကြောင်းလည်း သိရသည်။

ရွှေနဒီကျောင်းဆရာတော်သည် တစ်နိုင်ငံလုံးတွင် ပေါက်ရောက်သည့် ဝါးမျိုးများကို တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်စေရန်အတွက် ခြောက်ဧက ကျယ်ဝန်းသည့် Bamboo Garden တစ်ခုကိုလည်း အဆိုပါကျောင်း အနီးမှာပင် ၂၀၁၉ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ကြောင်းသိရသည်။ ယခုအထိ ဝါးအမျိုးအစား ၁၀ မျိုးခန့် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။

**Source: https://web.facebook.com/TheMirrorDaily/?_rdc=1&_rdr**

## ကုန်တင်ယာဉ်အခက်အခဲနှင့် ဒေါ်လာဈေးကျဆင်းမှုကြောင့် မိုးစပါးဈေးဆက်တိုက်ကျ




COVID-19 ကပ်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကြောင့် ကုန်တင်ယာဉ်အခက်အခဲနှင့် ပို့ကုန်ရငွေတန်ဖိုး အမေရိကန်ဒေါ်လာ ကျဆင်းမှုကြောင့် မိုးစပါးဝယ်လိုအားလျော့နည်းသဖြင့် စပါးဈေးနှုန်းဆက်တိုက်ကျဆင်းလာသည်။ ယခုနှစ် မိုးစပါးစပေါ်ချိန်တွင် စပါးတင်း တစ်ရာလျှင် ကျပ် ၆၀၀,၀၀၀ ဈေးရှိခဲ့သော်လည်း လက်ရှိတွင် ကျပ် ၅၀၀,၀၀၀ ဝန်းကျင်သို့ ကျဆင်းလာသည်။

ဧရာဝတီ၊ ပဲခူးတိုင်းစသော ဒေသအများအစုမှ မိုးစပါးများ စတင်ထွက်ပေါ် ထွက်နေသော်လည်း ရန်ကုန်ဈေးကွက်၏ ဝယ်လိုအားကျဆင်းမှုကြောင့် စပါးဈေးထပ်ကျနိုင်သည်ဟု ဆန်စပါးလုပ်ငန်းနှင့် သက်ဆိုင်သည့်အသင်းအဖွဲ့များမှ တာဝန်ရှိသူအချို့ကပြောသည်။ "အခုနယ်တွေမှာက အဝယ်လျော့ပြီး ရောင်းချင်သူများနေတော့ စပါးဈေးကကျလာတယ်" ဟု ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။

ရန်ကုန်ဈေးကွက်တွင်လည်း မိုးစပါးမှကြိတ်ခွဲထားသော ဆန်သစ် ၂၅ မှတ်အမျိုးအစားများက ပြည်ပဆန်တင်ပို့မည့် လုပ်ငန်းရှင်များ ဝယ်လိုအားလျော့နည်းမှုကြောင့် တစ်အိတ်လျှင် ကျပ် ၂၁,၀၀၀ ဝန်းကျင်မှ ကျပ် ၁၉,၅၀၀ သို့ ကျဆင်းလာသည်။ လက်ရှိ ပို့ကုန်ရငွေဒေါ်လာ တန်ဖိုးကျဆင်းမှုကြောင့် ရန်ကုန်ဈေးကွက်တွင် ပြည်ပတင်ပို့သူများ၏ ဝယ်လိုအား ၅၀ ရာခိုင်နှုန်း အထက် လျော့နည်းသွားသည်ဟု ဦးသန်းဦးကပြောသည်။ ယခင်က တစ်ရက်လျှင် အိတ်ရေတစ်သိန်းအထိ ဝယ်အားရှိခဲ့သော်လည်း ယခုရက်ပိုင်းတွင် အိတ်ရေ နှစ်သောင်းဝန်းကျင်သာဝယ်ယူသည်။ "မိုးစပါးပေါ်ချိန်မှာ ဈေးကျတာဆိုတော့ ပြဿနာတော့ရှိနိုင်တယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းကပြောသည်။

တိုင်းနှင့်ပြည်နယ်အစိုးရများက COVID-19 ထိန်းချုပ်ရေးလုပ်ငန်းများကြောင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အခက်အခဲများကြုံနေရသဖြင့် ရိတ်သိမ်းပြီးစပါးများကြိတ်ခွဲကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချရေးတွင် အခက်အခဲများ ရှိနေသည်ဟု ပဲခူးတိုင်းအရှေ့ခြမ်း ဆန်စက်လုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးကျော်စိုးမိုးက ပြောသည်။ ထိုအခြေအနေကြောင့် မိုးစပါးရိတ်သိမ်းချိန်တွင် ဝယ်လိုအားနည်းခြင်းဖြစ်ပြီး စပါးဈေးနှုန်းသည် ကျေးရွာများတွင် အများဆုံးကျပ် ၄၈၀,၀၀၀ သာရရှိကြောင်း တောင်သူလယ်သမားအချို့ကပြောသည်။ "အခုစပါးဈေးက လတ်တလောငွေရရေးအတွက် အဆင်ပြေတယ်။ အကျိုးအမြတ်မရှိဘူး။ ရောဂါတွေလည်းဖြစ်နေတော့ ဝယ်တဲ့သူရှိတာပဲ ဝမ်းသာရမလိုဖြစ်နေပြီ" ဟု လယ်သမားဘဝဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။ မြန်မာနိုင်ငံတွင် မိုးစပါးစိုက် ဧက ၁၆ သန်းကျော်ရှိပြီး နှစ်စဉ် အောက်တိုဘာလလယ်ပိုင်းမှ ဒီဇင်ဘာလအကြား စပါးများရိတ်သိမ်းသည်။

**Source: https://7day.news/detail?id=201606**

## နာနတ်အချဉ်သီးများ ထွက်ပေါ်ချိန်တွင် တင်ပို့မှုခက်ခဲပါက တောင်သူများအရှုံးပေါ်နိုင်



နှစ်စဉ် အောက်တိုဘာလတွင် စတင်ထွက်ရှိပြီး ဈေးကောင်းရရှိသော နာနတ်အချဉ်သီးများ ထွက်ပေါ်ချိန်၌ တင်ပို့မှုခက်ခဲပါက တောင်သူများအရှုံးပေါ်နိုင်ကြောင်း မြန်မာနိုင်ငံ နာနတ်သီးစိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးစိုင်းကျော်ညွန့်၏ ပြောပြချက်အရသိရသည်။

ဒီနှစ် COVID-19 ရောဂါ အခြေအနေနဲ့ဆိုတော့ မလွယ်ပါဘူး။ ရန်ကုန်နဲ့ မန္တလေးမြို့တွေဆီ အင်တိုက်အားတိုက် မရောင်းနိုင်လောက်ဘူးဆိုတော့ ရာသီသီးနှံတွေ လိုပဲ အခြေအနေ မကောင်းနိုင်ဘူး။ အခုထိလည်း အသွားအလာ ခက်ခဲနေဆဲပဲ။ နာနတ်အချဉ်သီးတွေက အခုစထွက်နေပြီဟု ဦးစိုင်းကျော်ညွန့်ကပြောသည်။ အဆိုပါ နာနတ်အချဉ်သီးများသည် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ ထွက်ပေါ်လေ့ရှိပြီး ထွက်ရှိမှုနည်းပါးသောကြောင့် နှစ်စဉ်ဈေးကောင်းရလေ့ရှိသည်။ ပြီးခဲ့သည့်နှစ်က စိုက်ဧကေပြတ်ဈေးအနေဖြင့် နာနတ်အချဉ်သီးတစ်လုံးလျှင် ငွေကျပ် ၂၀၀ အထိဈေးနှုန်းရရှိကာ ရန်ကုန်နှင့် မန္တလေးမြို့အရောက် တစ်လုံးလျှင် ငွေကျပ် ၃၀၀ မှ ၅၀၀ ကြားရရှိသည်။ နာနတ်အချဉ်သီးများသည် မြန်မာ့နာနတ်သီး စိုက်ဧကစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအထိသာ ထွက်ရှိလေ့ရှိပြီး ကျန် ၉၀ ရာခိုင်နှုန်းမှာ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လ တို့တွင် တစ်ပြိုင်တည်းထွက်ပေါ်လေ့ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/content/

## နိုင်ငံတော်ဗဟိုဘဏ်က အောက်တိုဘာ ကိုးရက်အတွင်း နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် ဒေါ်လာ ၂၆ ဒသမ ၆ သန်း ထပ်မံဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ အောက်တိုဘာ ၉ ရက်အထိ ဒေါ်လာ ၂၈၅ ဒသမ ၃ သန်းဝယ်ယူထား



နိုင်ငံတော်ဗဟိုဘဏ်က အောက်တိုဘာလ ကိုးရက်အတွင်း နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် ဒေါ်လာ ၂၆ ဒသမ ၆ သန်း ထပ်မံဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ အောက်တိုဘာ ၈ ရက်အထိ ဒေါ်လာ ၂၈၅ ဒသမ ၃ သန်း ဝယ်ယူထားကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော စာရင်းများအရသိရသည်။

နိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေ ဈေးပြိုင်လေလံမှတစ်ဆင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂ ရက်တွင် ဒေါ်လာ ၃ ဒသမ ၇ သန်း၊ အောက်တိုဘာ ၅ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ အောက်တိုဘာ ၆ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ အောက်တိုဘာ ၇ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ အောက်တိုဘာ ၈ ရက်တွင် ဒေါ်လာ ၃ ဒသမ ၈ သန်း၊ အောက်တိုဘာ ၉ ရက်တွင် ဒေါ် လာ ၇ ဒသမ ၇ သန်း ထပ်မံဝယ်ယူခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ဇူလိုင်အထိလအလိုက် ရောင်းဝယ်မှုပမာဏများမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ဒေါ် လာ ၃၉ ဒသမ ၅ သန်း၊ ဖေဖော်ဝါရီတွင် ဒေါ်လာ ၃၁ ဒသမ ၅ သန်း၊ မတ်တွင် ဒေါ် လာ ၂၁ သန်း၊ မေတွင် ဒေါ်လာ ၁၆ ဒသမ ၇ သန်း၊ ဇွန်တွင် ၃၉ ဒသမ ၁ သန်း၊ ဇူလိုင်တွင် ဒေါ်လာ ၃၁ ဒသမ ၁ သန်း၊ ဩဂုတ်တွင် ဒေါ်လာ ၃၅ ဒသမ ၆ သန်း၊ စက်တင်ဘာတွင် ဒေါ်လာ ၄၄ ဒသမ ၂ သန်း၊ အောက်တိုဘာ ၁ ရက်မှ ၉ ရက်အတွင်း ဒေါ်လာ ၂၆ ဒသမ ၆ သန်း ဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီတွင် ဒေါ် လာ၂ ဒသမ ၇ သန်း ပြန်ရောင်းခဲ့သည်။ ကာလတိုအတွင်း နိုင်ငံခြားငွေ လဲလှယ်နှုန်း အတက်၊ အကျ ကြီးမားခြင်းကို လျှော့နည်းစေရန်နှင့် နိုင်ငံခြားသုံးသီးသန့် အရန်ငွေ ဖြည့်တင်းရန် နိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖွင့် လှစ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဇူလိုင် ၂၄ ရက်တွင် အသိပေးကြေညာထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏နိုင်ငံခြားသုံးငွေလုပ်ငန်း (Foreign Exchange Operation) ရည်ရွယ်ချက်များ ဖြစ်သော ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျကြီးမားခြင်းကို လျှော့နည်းစေရန်နှင့်နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်အရန်ငွေဖြည့်တင်းရန် အချက်နှစ်ချက်အား အကောင်အထည်ဖော်ရန်အတွက် စည်းမျဉ်းအခြေခံသည့် နိုင်ငံခြားငွေဈေးပြိုင်လေလံအား ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဈေးပြိုင်လေလံအတွက် စည်းမျဉ်း၊ ညွှန်ကြားချက်များချမှတ်ထားပြီး အဆိုပါစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံခြားငွေဈေးပြိုင်လေလံတွင် ပါဝင်သည့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း လိုင်စင် (Authorized Dealer –AD) ရ ဘဏ်များဖြစ်သော နိုင်ငံပိုင်ဘဏ်သုံးဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၉ ဘဏ်နှင့် နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၁၃ ဘဏ်တို့ဖြင့် နိုင်ငံခြားငွေဝယ်ခြင်း၊ ရောင်းခြင်းတို့ကို ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားသုံးငွေလုပ်ငန်းဆောင်ရွက်ချက်များမှာ ကာလတိုအတွင်း နိုင်ငံခြားငွေ လဲလှယ်နှုန်း အတက်၊ အကျ ကြီးမားခြင်းကို လျှော့နည်းစေရန် အလုပ်လုပ်ရက် တစ်ရက်ရှိ မြန်မာကျပ်ငွေနှင့်အမေရိကန် တစ်ဒေါ်လာ၏ ငွေလဲလှယ်နှုန်းနှင့် ယခင်ရက် ရည်ညွှန်းငွေလဲလှယ်နှုန်းတို့ကိုနှိုင်းယှဉ်ခြင်း၊ ယင်းသို့ နှိုင်းယှဉ်ချက်အရ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းသည့် ရာခိုင်နှုန်းသည် ချမှတ်ထားသည့် စည်းမျဉ်းများအရ သတ်မှတ်ချက်ထက်ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာရောင်းချရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်သည့် ရာခိုင်နှုန်းသည် ချမှတ်ထားသည့် စည်းမျဉ်းများအရ သတ်မှတ်ချက်ထက် ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) ဝယ်ယူရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ နိုင်ငံခြားသုံး သီးသန့်အရန်ငွေကို ဖြည့်တင်းရန် အလုပ်လုပ်ရက်တစ်ရက်၏ ငွေလဲလှယ်နှုန်းအား ပြီးခဲ့သည့် ရက်ပေါင်း ၂၀ အတွင်း၌ ဖြစ်ပေါ်သည့် ပျမ်းမျှမြန်မာကျပ်ငွေနှင့် အမေရိကန်တစ်ဒေါ်လာ လဲလှယ်နှုန်းနှင့်နှိုင်းယှဉ်ခြင်း၊ ယင်းသို့နှိုင်းယှဉ်ချက်အရ မြန်မာကျပ်ငွေတန်ဖိုးမြင့်တက်သည့် ရာခိုင်နှုန်းသည် ချမှတ်ထားသည့် စည်းမျဉ်းများအရ သတ်မှတ်ချက်ထက်ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) ဝယ်ယူရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ဈေးပြိုင်လေလံတွင် ဗဟိုဘဏ်ကကြေညာထားသည့်

အမြင့်ဆုံးလဲလှယ်နှုန်းနှင့် အနိမ့်ဆုံးလဲလှယ်နှုန်းအကြား AD ဘဏ်များက တင်ပြသည့် နိုင်ငံခြားငွေဝယ်ယူရန်၊ ရောင်းချရန် တင်ပြချက်များကို Refinitiv ယခင် (Thomson Reuters) ၏ လေလံအရောင်း အဝယ်စနစ် (Real Time Dealing Platform) ကို အသုံးပြု၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဝယ်ယူ၊ ရောင်းချခြင်းဖြစ်သည်။

အဆိုပါဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေ ဈေးပြိုင်လေလံ ဖွင့်လှစ်ဆောင်နေခြင်းမှာ ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံခြားသုံးသီးသန့်အရန်ငွေ ဖြည့်တင်းရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဖွင့်လှစ်ဆောင်ရွက်နေသည့် နိုင်ငံခြားငွေဈေးပြိုင်လေလံသည် ငွေလဲလှယ်နှုန်းကို နှုန်းထားတစ်ရပ်တွင် ရှိနေစေရန်ဖြစ်စေ၊ မြန်မာကျပ်ငွေ တန်ဖိုးမြင့်တက်စေရန်ဖြစ်စေ သို့မဟုတ် ကျဆင်းစေရန်ဖြစ်စေ ရည်ရွယ်ဆောင်ရွက်ခြင်းမဟုတ်ကြောင်း ဗဟိုဘဏ်က အသိပေးကြေညာထားသည်။

**Source: https://news-eleven.com/article/195206**

## ပို့ကုန်ရငွေ ဒေါ်လာတန်ဖိုး ကျဆင်းခြင်းကြောင့် ပြည်တွင်းပဲဈေး အနည်းငယ်သာမြင့်တက်

အိန္ဒိယကုန်သည်များ ဝယ်လိုအား တက်လာသော်လည်း ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းမှုကြောင့် ပြည်တွင်း ပဲဈေးနှုန်းများ အနည်းငယ်သာ မြင့်တက်လာသည်။ လက်ရှိ ပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ကျပ် ၁,၂၀၀,၀၀၀ ဝန်းကျင် ဈေးဖွင့်ပြီး ပဲစင်းငုံတစ်တန်လျှင် ကျပ် ၉၁၀,၀၀၀ ဝန်းကျင်ဈေးဖွင့်သည်။ လက်ရှိ ပြည်တွင်းဈေးကွက်တွင် ပို့ကုန်ရငွေ ဒေါ်လာ တန်ဖိုးက ၁,၂၉၀ ကျပ်အောက် ကျဆင်းနေသည်။ ပြည်ပသို့ ရောင်းချသည့် မတ်ပဲတစ်တန် ဈေးနှုန်းက ဒေါ်လာ ၉၄၀ အနည်းဆုံးဈေးဖွင့်သည်။ ထို့ကြောင့် ပြီးခဲ့သည့် လများကဲ့သို့ ပို့ကုန်ရငွေ ဒေါ်လာတန်ဖိုးက တစ်ဒေါ်လာ ၁,၃၃၀ ကျပ်ဝန်းကျင် ဈေးဖွင့်လျှင် ပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ၁,၂၃၀,၀၀၀ ကျပ်အထက် ဈေးဖွင့်နိုင်မည်ဖြစ်သည်။

အိန္ဒိယအစိုးရက မတ်ပဲတန်တစ်သိန်းခွဲ ထပ်မံတင်သွင်းရန် စက်တင်ဘာလကုန်ပိုင်းက အသိပေးကြေညာချက် ထုတ်ပြန်ပြီးနောက် အိန္ဒိယကုန်သည်များ ပဲတင်သွင်းရန် လိုင်စင်များချထားပေးသည်။ ထို့ကြောင့်အိန္ဒိယ ကုန်သည်များက မြန်မာနိုင်ငံမှ မတ်ပဲဝယ်လိုအားကို မြှင့်တင်လိုက်သဖြင့် ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးနှုန်းက ပြီးခဲ့သည့် စက်တင်ဘာ ဒုတိယ အပတ်ထက် တစ်တန်လျှင် ကျပ် ၂၀၀,၀၀၀ ကျော်မြင့် တက်သွားသည်။ စက်တင်ဘာ ဒုတိယပတ်က မတ်ပဲတစ်တန်လျှင် ကျပ် ၉၀၀,၀၀၀ ကျော် ဈေးဖွင့်ခဲ့သည်။ "ငွေလဲနှုန်းသာ မကျဘူးဆိုရင် ဈေးကပိုလိုက်လာမယ်"ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည် အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် တန်ချိန်လေးသိန်းကျော်မှ ခြောက်သိန်းအကြား စိုက်ပျိုးထုတ်လုပ်သော မတ်ပဲကို အိန္ဒိယနိုင်ငံသို့ ၇၀ ရာခိုင်နှုန်းခန့်တင်ပို့ရောင်းချပြီး ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါနိုင်ငံတို့ကိုလည်း တင်ပို့ရောင်းချသည်။

**Source:** https://7day.news/detail?id=201726

## မြန်မာ-ထိုင်းနှစ်နိုင်ငံ ကုန်သွယ်မှု လတ်တလောအခြေအနေအရ BCF Zone Cargo ဝင်း၌သာ ပြုလုပ်ခွင့်ရ



မြန်မာ- ထိုင်း နှစ်နိုင်ငံ ကုန်သွယ်ယာဉ်များအား အောက်တိုဘာ ၁၁ ရက်တွင် လတ်တလောအခြေအနေအရ မြဝတီ-မဲဆောက် အမှတ် (၂) ချစ်ကြည်ရေးတံတား BCF Zone Cargo ဝင်းအတွင်း၌သာ ကုန်ပစ္စည်းအချိန်းအပြောင်း လုပ်ခွင့်ပြုကြောင်း မြဝတီခရိုင် အုပ်ချုပ်ရေးမှူးကပြောကြားသည်။ "ဒီနေ့အခြေအနေအရ တော့ ကုန်သွယ်မှုအတွက် ဟိုဘက်ဒီဘက် BCF ဇုန်မှာ ကုန်သွယ်ခွင့်ပြုတဲ့ သဘောပါ။ အစည်းအဝေး ဆုံးဖြတ်ချက်ကြောင့် မဟုတ်ဘူး။ အခြေအနေအရ BCF Zone အချင်းချင်း ကုန်သွယ်တဲ့စ နစ်ဆိုတော့နည်းနည်းတော့ အခက်အခဲတော့ရှိမှာပါခင်ဗျ။ မြန်မာဘက်ကသွားတဲ့ ကုန်ကားတွေကို ထိုင်းဘက်ခြမ်း BCF Zone မှာ ကုန်အချိန်းအပြောင်းလုပ်ရမှာဖြစ်သလို ထိုင်းဘက်ကလာတဲ့ ကုန်ကား တွေကိုလည်း မြန်မာဘက်က BCF Zone Cargo ဝင်းအတွင်းမှာပဲ ကုန်ပစ္စည်း အချိန်းအပြောင်းလုပ်ရမှာဖြစ်ပါတယ်" ဟု

မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောကြားသည်။ COVID-19 ကာလ ကုန်သွယ်မှုမပြတ်တောက်စေရေးအတွက် နှစ်နိုင်ငံကုန်သွယ်ယာဉ်များအား အမှတ်(၂) ချစ်ကြည်ရေးတံတား BCF Zone Cargo ဝင်းမှ ကုန်ချိန်းမည့် ဂိုဒေါင်နှင့် ကုန်သွယ်ရေးဇုန်အထိ သယ်ဆောင် ခွင့်ပြုထားသော်လည်း အောက်တိုဘာ ၁၁ ရက်တွင် မြန်မာကားများကို ထိုင်းဘက်က မဲဆောက်အထိ ဝင်ခွင့်မပြုဘဲ အမှတ် (၂) ချစ်ကြည်ရေးတံတား BCF Zone Cargo ဝင်း၌သာ ကုန်ပစ္စည်းများ အချိန်း အပြောင်းပြုလုပ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ရန်ကုန်အပြင် အခြားပြည်နယ်၊ တိုင်းဒေသကြီးများ၌ COVID-19 ကူးစက်မှု များပြား နေခြင်းကြောင့် အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ထိုင်းနိုင်ငံ မဲဆောက်ဘက်သို့သွားသော ကုန်တင်ယာဉ် များကို ထိုင်းနိုင်ငံဘက်ခြမ်း BCF ဇုန်၌သာ ကုန်ပစ္စည်းအချိန်းအပြောင်းလုပ်ပြီး လှည့်ပြန်ခိုင်း၍ မြန်မာကားသမားများ စုရုံးကာ မကျေနပ်မှုများဖြစ်ပေါ်နေကြောင်း သိရသည်။ BCF ဝင်းရှေ့တွင် စုရုံးနေကြသူများအနက် ယာဉ်မောင်းတစ်ဦးဖြစ်သူ ကိုသန်းစိုးက “ကျွန်တော်တို့အစိုးရက ခွင့်ပြုတယ်။ လက်မှတ်လုပ်ပြီးသွားရတယ်။ ထိုင်းဘက်ကိုရောက်တော့ လဝကက တုံးထုပေးတယ်။ သွားရတယ်။ ထိုင်းစစ်သားဂိတ်ကိုရောက်တော့ မဲဆောက်ကို ပေးမသွားတော့ဘူး။ ပြန်လှည့်လာတယ်။ ပြန်လှည့်လာတော့ ဆောက်လုပ်ရေးက ဘတ် ၂၅၀ တောင်းတယ်။ မြဝတီမှာရှိတဲ့ ကားသမားတွေက သူတို့ဆီကို မသွားရရင် ဒီဘက်ကိုလည်းပေးမလာနဲ့။ တံတားပိတ်ရင်လည်းပိတ်လိုက်။ ဟိုဘက်ကိုသွားရင် အရမ်းဒုက္ခဖြစ်တယ်။ အနိုင်ကျင့်ပြီး ပိုက်ဆံတောင်းတာ အများကြီး” ဟု ပြောကြားသည်။

လက်ရှိအနေအထားအရ မြန်မာကားများကို ထိုင်းနိုင်ငံ မဲဆောက်မြို့ ဧရိယာအတွင်းသို့ ဝင်ခွင့်မပြုသလို ထိုင်းကုန်တင်ကားများကိုလည်း BCF ဇုန်အပြင်ဘက် မြဝတီဧရိယာအတွင်းသို့ ဝင်ခွင့်မပြုကြောင်းသိရပြီး နှစ်ဘက်တာဝန်ရှိသူများ ညှိနှိုင်းမှုများပြုလုပ်နေကြောင်း သိရသည်။

**Source: https://news-eleven.com/article/195266**

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကို ဖြတ်သန်း၍ တရားမဝင်ကုန်စည်တင်ပို့ခြင်းများမပြုလုပ်ရန် တိုင်းအစိုးရ သတိပေး

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကိုဖြတ်သန်း၍ တရားမဝင်သွားလာခြင်းနှင့် ကုန်စည်များတင်သွင်းတင်ပို့ခြင်းများ မပြုလုပ်ကြရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က သတိပေးတားမြစ်လိုက်ကြောင်းသိရသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် တမူးမြို့နယ်ရှိ မြန်မာ-အိန္ဒိယ နယ်စပ်သံတံတားဂိတ် အမှတ်(၁)နှင့် အမှတ်(၂)တို့ကို မတ်လ ၁၀ရက်ကစ၍ မြန်မာနိုင်ငံဘက်မှ ယာယီပိတ်ထားခဲ့ခြင်း ဖြစ်သည်။

ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး လေရှီး၊ လဟယ်၊ နန်းယွန်းနှင့် တမူးမြို့နယ်များမှ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော ရပ်ကွက်၊ကျေးရွာ အုပ်စုများမှ အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ထွက် သွားလာခြင်း၊ ကုန်စည်များ တင်သွင်းတင်ပို့ခြင်းများ ပြုလုပ်နေကြောင်း စိစစ်တွေ့ရှိရသောကြောင့် အထက်ပါအတိုင်း သတိပေးရခြင်း ဖြစ်ကြောင်း သိရသည်။အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ တည်ဆဲ ဥပဒေများအရ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထုတ်ပြန်ချက်တွင် ါရှိသည်။

**Source:** https://pyimyanmarnews.com/dsjhtfkljsedhtgiosejtopg/?fbclid=IwAR3BeFgYzjyP-D6hUqWMOvu8R30977dBrl5NTXw_0Exy7LzUe8Sz3tgql1U

## နိုင်ငံခြားငွေလဲလှယ်နှုန်း ဆက်တိုက်ကျဆင်းနေသော်လည်း ပြန်တက်နိုင်ခြေရှိဟုဆို

ပြင်ပငွေကြေးဈေးကွက်အတွင်းအမေရိကန်ဒေါ်လာ ရောင်းလိုအားများသောကြောင့် ငွေလဲလှယ်နှုန်းမှာတစ်ဒေါ်လာလျှင် ကျပ် ၁,၂၈၀ ဝန်းကျင်သို့ ရောက်ရှိနေသော်လည်းသွင်းကုန် လိုအပ်ချက်အရ ဈေးပြန်တက်ဖွယ်ရှိကြောင်း ပြင်ပငွေကြေး ဈေးကွက်မှ အကျိုးဆောင်များကပြောသည်။ ''တောက်လျှောက် ဈေးကျဆင်းတာကတော့ အဝယ်ဈေးကြောင့်ပါပဲ။ ဈေးမဖြစ်လောက်တဲ့ အနေအထားမှာအဝယ်ဖြစ်နေတာ''ဟု ပြင်ပငွေကြေးဈေးကွက်မှ အကျိုးဆောင်တစ်ဦးကပြောသည်။ ဗဟိုဘဏ် ထုတ်ပြန်ချက်အရအမေရိကန်ငွေကြေးလဲလှယ်မှုနှုန်းသည် ပြီးခဲ့သည့်သောကြာနေ့တွင် တစ်ဒေါ်လာလျှင် ကျပ် ၁,၂၇၉

ဒသမ ၅ အထိ ရောက်ရှိခဲ့ကာ တစ်နှစ်အတွင်းအနိမ့်ဆုံးလဲလှယ်မှုနှုန်းဖြစ်ခဲ့သည်။ ပြင်ပငွေကြေးဈေးကွက်တွင် အစိမ်းခေါ် အရွက်ဈေးမှာ တစ်ဒေါ်လာလျှင် ၁,၃၀၄ ကျပ်တွင်ရှိနေပြီး Earning ခေါ် Export import မှရရှိသည့်ငွေကြေးမှာ တစ်ဒေါ်လာလျှင် ကျပ် ၁,၂၈၀ ဝန်းကျင်နှင့် အဝေးခေါ်ပြင်ပမှ ငွေကြေးမှာ တစ်ဒေါ်လာလျှင် ၁,၂၇၆ ကျပ်အထိ ရောက်ရှိခဲ့သည်။

ပြင်ပငွေကြေးဈေးကွက်အတွင်းအစိမ်းခေါ်အရွက်မှာ ငွေရှင်းရလွယ်ကူသဖြင့် အမြင့်ဈေးတွင်ရှိနေပြီး Earning မှာ လက်ရှိကာလတွင် ရုံးကိစ္စ လုပ်ဆောင်ရခက်ခဲခြင်း၊ စာရွက်စာတမ်းသာဖြစ်သဖြင့် အလွယ်ငွေဖြစ်ရန် အဆင်မပြေမှုတို့ကြောင့် တစ်ဒေါ်လာလျှင် ကျပ် ၁,၂၈၀ ဝန်းကျင်အထိရောက်ရှိခဲ့သည်။ အဝေးခေါ် ပြင်ပမှရရှိသည့်ငွေမှာဈေးကွက်အတွင်း လိုအပ်သလောက်အလွယ်တကူ ရရှိနေသည့်အတွက်ဈေးကျဆင်းလာခြင်းဖြစ်သလို ပြည်တွင်းကျပ်ငွေမှာ ဈေးမာလာသည့်သဘော ရှိနေသော်လည်း မကြာမီဒေါ်လာဈေးများ ပြန်တက်ဖွယ်ရှိသည်ဟု အကျိုးဆောင်များကခန့်မှန်းထားသည်။ ထို့ကြောင့် လာမည့် တနင်္လာ၊ အင်္ဂါနေ့ များကို သတိပြုစောင့်ကြည့်နေရပြီးအဝယ်ရှိသလောက် ရောင်းအားများလျှင် ဒေါ်လာဈေးပြန်မာလာဖွယ် မရှိသော်လည်း လိုအပ်သလောက် မရရှိပါက အတက်သို့ ပြန်ဦးတည်ဖွယ်ရှိသည်ဟု သုံးသပ်ထားသည်။ ''စပါးပေါ်ချိန်၊ ပြောင်းပေါ်ချိန်နဲ့လယ်ယာသားငါး ပို့ကုန် တိုးမြှင့်ရမယ့်အချိန်မှာ ယခုလို ငွေလဲနှုန်း အလွန်အမင်းမတည်မငြိမ်ဖြစ်ခြင်းကို ဗဟိုဘဏ်နှင့်စီးပွားရေးဆိုင်ရာ ဝန်ကြီးဌာနများမှ အသင့်လျော်ဆုံးသောမူဝါဒအစီအမံများနှင့် အမြန်ဆုံးနှင့်အထိရောက်ဆုံး တုန့်ပြန် ဆောင်ရွက်ဖို့လိုအပ်နေပါပြီ။ မြန်မာ့ပို့ကုန်တွေနိုင်ငံတကာဈေးကွက်မှာ ယှဉ်ပြိုင်ထိုးဖောက်နိုင်ဖို့ ငွေလဲနှုန်းတည်ငြိမ်ပြီး ခန့်မှန်းနိုင်ဖို့ အရေးကြီးပါတယ်''ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌဦးရဲမင်းအောင်က Facebook စာမျက်နှာတွင် ရေးသားထားသည်။

ပြည်ပမှ ကုန်စည်ဝယ်ယူကြမည့်အခြေအနေမျိုးကြောင့် လာမည့်ရက်ပိုင်းအတွင်း အနည်းငယ်ပြန်မြင့်တက်လာဖွယ် ရှိနေသော်လည်း တစ်ပတ်အကြာတွင် ပြန်လည်ကျဆင်းမည်ဟုအကျိုးဆောင်များက ခန့်မှန်းကြသည်။ လက်ရှိတွင် အမေရိကန် ဒေါ်လာငွေလဲလှယ်မှုနှုန်းမှာ COVID-19 ကာလအတွင်း ဆက်တိုက်ကျဆင်းနေခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် အာက်တိုဘာလအတွင်း တစ်ဒေါ်လာလျှင် ကျပ် ၁,၃၀၀ အောက်သို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/144850.html

## တစ်နှစ်တာလုံးသီးနှံထွက် ဝင်ငွေတိုးစေသည့် Polytunnel စနစ်ကို မြန်မာနိုင်ငံတွင်တိုးမြှင့်စိုက်ပျိုးရန် GIZ တိုက်တွန်း

အမိုးအကာအောက်တွင် စိုက်ပျိုးရသည့် Polytunnel greenhouse စနစ်သည် စိုက်ပျိုးထုတ်လုပ်သူများအတွက် ဝင်ငွေတိုးတက်လာစေနိုင်ပြီး မြန်မာနိုင်ငံအတွက်လည်း သင့်တော်သောကြောင့် တိုးမြှင့်စိုက်ပျိုးသင့်ကြောင်း Fresh Studio မှ R&D Director Crops ဖြစ်သူ Mr.Rene ကပြောသည်။ GIZ မှ စီစဉ်သည့် Feasibility of poly tunnel farming Shan State ဆွေးနွေးပွဲတွင် ၎င်းက ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။ ဂျာမနီနိုင်ငံအခြေစိုက် Deutsche Gesellschaf t fürIn ternationaleZusa mmenarbeit(GIZ)အဖွဲ့အစည်းသည် မြန်မာနိုင်ငံရှိနေရာရှစ်ခုတွင် ယူရို ၁၃၈ သန်းပမာဏ ရှိစီမံကိန်း ၂၃ ခုကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး စီးပွားရေး၊ အရည်အသွေးမြှင့်တင်ခြင်း၊ အစားအစာနှင့်အာဟာရ၊ စွမ်းအင်ကဏ္ဍနှင့် ရာသီဥတုပြောင်းလဲခြင်းစသည့် ကဏ္ဍလေးခုကိုဆောင်ရွက်နေသည်။

Green House ဟုခေါ်ဆိုကြသည့် Polytunnel အမိုးအကာအောက်တွင်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ခြင်း အခွင့်အလမ်းများအပေါ် လေ့လာဆန်းစစ်ချက်အရ အကျိုးရလာဒ်အနေနှင့် စိုက်ပျိုးတောင်သူများအတွက်သမရိုးကျ စိုက်ပျိုးထုတ်လုပ်မှုထက်ဝင်ငွေပိုတိုးကြောင်း ၎င်းက ပြောသည်။တောင်သူများလက်ရှိသုံးနေသော လုပ်ငန်းပုံစံအရ စိုက်ကေ တစ်ကေ၏ ၁၃ ရာခိုင်နှုန်း မြေပေါ်တွင်သာ Polytunnel Greenhouse ဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့ရာ ၎င်းတို့ဝင်ငွေသည် ၃ ဒသမ ၇၅ ရာခိုင်နှုန်း တိုးတက်လာကြောင်း စစ်တမ်းအရသိရသည်။ ''စိုက်ကေအားလုံးကို Polytunnel Greenhouse သို့ ပြောင်းလဲဆောင်ရွက်နိုင်မယ်ဆိုရင် တောင်သူဝင်ငွေပိုတိုးတက်လာမယ် ထင်ပါတယ်''ဟု Mr.Rene ကပြောသည်။ ရှမ်းပြည်နယ် တောင်ပိုင်းတွင် Polytunnel Greenhouse စနစ်ဖြင့်ငါးနှစ်တာစိုက်ပျိုးမှု လေ့လာဆန်းစစ်ချက်အရ ပထမနှစ်တွင် အမြတ် ကျပ် ၆၃၈,၅၀၀၊ ဒုတိယနှစ်တွင် ကျပ် ၁၂၈၈,၆၅၀၊ တတိယနှစ်တွင် ကျပ် ၁,၅၃၉,၀၂၇၊စတုတ္ထနှစ်တွင် ကျပ် ၁,၈၁၇,၅၅၆နှင့် နောက်ဆုံးနှစ်တွင် ကျပ် ၂,၂၈၂,၁၅၉ ရရှိကာ စုစုပေါင်းကျပ် ၇၈ သိန်းနီးပါး အမြတ်အစွန်းရရှိကြောင်း ဖော်ပြထားသည်။

သမရိုးကျနည်းဖြင့် စိုက်ပျိုးထုတ်လုပ်ပါက အမြတ်အစွန်းရရှိမှုမှာ ငါးနှစ်အတွင်း ကျပ် ၅၁ သိန်းကျော်သာရရှိသည့်အတွက် Greenhouse စိုက်ပျိုးခြင်းက ကျပ် ၂၅ သိန်းကျော် ပိုအမြတ်ရရှိစေသည်။

မြန်မာနိုင်ငံတွင် သီးနှံများကိုတစ်နှစ်တာပတ်လုံး ရရှိရန်လိုအပ်ချက်ရှိနေပြီး ဈေးကွက်လိုအပ်ချက် အရည်အသွေးအတိုင်း ထုတ်လုပ်နိုင်ရန်အမိုးအကာအောက်တွင် စိုက်ပျိုးခြင်းစနစ်က ဆောင်ရွက်နိုင်သည်ဟု စစ်တမ်းကဆိုသည်။ အမိုးအကာအောက် စိုက်ပျိုးခြင်းဖြင့် သီးနှံများ တစ်နှစ်တာပတ်လုံးထွက်ရှိလာမည် ဖြစ်ကာ ပိုးမွှားရောဂါဒဏ်နှင့်အခြားအခြေအနေဆိုးများကို ကာကွယ်ပေးနိုင်ပြီး သီးနှံအတွက် အကောင်းဆုံးစိုက်ပျိုးမှုအခြေအနေတစ်ခုကို ဖန်တီးထားခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

**Source:** https://myanmar.mmtimes.com/news/144884.html

## မန္တလေးတွင် အိန္ဒိယဈေးကွက်သို့တင်ပို့သည့် ပဲအမျိုးအစားများ ဈေးနှုန်းအမြင့်ပိုင်းသို့ရောက်ရှိ

ယခုရက်ပိုင်း မန္တလေးမြို့ ပဲမျိုးစုံဈေးကွက်အတွင်း၌ အိန္ဒိယဈေးကွက်သို့တင်ပို့လျက်ရှိသည့် ပဲအမျိုးအစားများ ဈေးနှုန်း အမြင့်ပိုင်းဖြင့်ဆက်လက်ရပ်တည်ကာ အရောင်းအဝယ်သွက်လက်လျက်ရှိပြီး အထူးသဖြင့် လှောင်လက်သမားများက မတ်ပဲကို အပြိုင်အဆိုင် ထုတ်ရောင်းနေသော်လည်းဈေးနှုန်းကျဆင်းခြင်းမရှိကြောင်းသိရသည်။ ပြီးခဲ့သည့် စက်တင်ဘာလ နောက်ဆုံးပတ် အတွင်း မန္တလေးဈေးကွက်၌မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ဈေးနှုန်းအားဖြင့် ကျပ်ငွေ ၉၇,၀၀၀အထိသာ အမြင့်ဆုံးရှိခဲ့၍ ယခုရက်ပိုင်း အိန္ဒိယဈေးကွက်သို့တင်ပို့မှုများပြားလာသကဲ့သို့ တစ်အိတ်လျှင် ကျပ် ၁၁၅,၀၀၀ အထိရောက်ရှိလာပြီး မတ်ပဲ ဈေးနှုန်းမြင့်တက်လာခြင်းနှင့်အတူ မတ်ပဲစိုက်လိုသည့် တောင်သူအရေအတွက် သိသိသာသာတိုးတက်လာသောကြောင့် မတ်ပဲ မျိုးစေ့များလည်းဈေးကောင်းရရှိလျက်ရှိကြောင်းမန္တလေးမြို့မှ ပဲကုန်သည်ကြီးတဦးဖြစ်သည့် ဦးကျော်ကျော်ကပြောဆိုသည်။ ''မြန်မာပြည်က တောင်သူတွေနဲ့ပဲကုန်သည်တွေအနေနဲ့ မတ်ပဲဈေးကွက်ကောင်းမွန်လာမယ့် အချိန်အတွက်ကြိုတင်ပြင်ဆင် ခဲ့ကြတာဖြစ်ပြီး အိန္ဒိယနိုင်ငံမှာ မိုးရွာသွန်းမှုများလို့ ပဲစိုက်ခင်းတွေ ပျက်စီးတဲ့သတင်းတွေ ကြားကတည်းက ဒီကပဲတွေကို အလုံးအရင်းနဲ့ ဝယ်လိမ့်မယ်ဆိုတာ တွက်ဆပြီးတော့ လှောင်လက်သမားတွေကလည်းမတ်ပဲတွေကို အလုံးအရင်း လှောင်ခဲ့ကြ တာပါ။ အိန္ဒိယနိုင်ငံရဲ့ ပဲတင်သွင်းမှုဆိုင်ရာမူဝါဒ ပြောင်းလဲမှုတွေကြောင့်မြန်မာနိုင်ငံက မတ်ပဲဈေးကွက်က ၂၀၁၇ ခုနှစ် ကတည်းက အားရစရာမကောင်းတဲ့အခြေအနေဖြစ်ခဲ့တာကနေ အခုလိုမျိုး ဈေးကောင်းပြန်ရတော့ ပဲခူး၊ ရန်ကုန်နဲ့ ဧရာဝတီတိုင်း ဒေသကြီးဘက်က တောင်သူတွေကလည်း စပါးရိတ်သိမ်းပြီးရင် မတ်ပဲဆက်စိုက်ကြဖို့ စိတ်ဝင်စားမှု များနေပါတယ်။ မတ်ပဲမျိုးစေ့ တစ်အိတ်ဆိုရင် ကျပ် ၁၂၀,၀၀၀ ဝန်းကျင်လောက်အထိ ပေါက်ဈေးရှိနေသလို မတ်ပဲကပြည်တွင်းစားသုံးမှု နည်းတဲ့အတွက် အိန္ဒိယဈေးကွက်က ဝယ်ယူမှုပေါ်အဓိကမူတည်ပြီး မနှစ်ကဒီလိုအချိန်မှာ မတ်ပဲတစ်အိတ်ကို ကျပ်တစ်သိန်းအောက်သာ ရှိပါတယ်'' ဟု ၎င်းကပြောသည်။

လက်ရှိတွင် ကိုဗစ်ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် လူစုလူဝေးမဖြစ်ပွားစေရေးအတွက် မန္တလေးပဲကုန်စည်ဒိုင်ကို ယာယီပိတ်ထားဆဲဖြစ်သော်လည်း ပွဲစားကုန်စည်စက်ပိုင်များ မဟာကထိန်တော်အသင်းကြီး၏စီစဉ်မှုအရအသင်းသူအသင်းသား များ အရောင်းအဝယ်အဆင်ပြေစေရန် Viber Group ဖွဲ့ထားကာ အွန်လိုင်း စနစ်အသုံးပြု၍ ရောင်းဝယ်လျက်ရှိကြခြင်းဖြစ်သည်။ နေ့စဉ် ပဲမျိုးစုံပေါက်ဈေးနှုန်းများကို ပွဲစားကုန်သည် စက်ပိုင်များမဟာကထိန်တော်အသင်းမန္တလေးမြို့၏လူမှုကွန်ရက် စာမျက်နှာတွင် ဥပုသ်နေ့မှလွဲ၍ နေ့စဉ်နေ့လယ် ၁၂ နာရီအချိန်တိုင်း ဈေးနှုန်းများထုတ်ပြန်ပေးလျက်ရှိရာ အောက်တိုဘာ ၈ ရက် က ကုလားပဲ(ထိုင်ဝမ်) တစ်အိတ်ကျပ် ၈၈,၀၀၀၊ဗိုတူးတစ်အိတ် ကျပ် ၉၅,၀၀၀၊ ပဲစင်းငုံ(နီ)တစ်အိတ် ကျပ် ၈၇,၀၀၀၊ ပဲကြီး တစ်အိတ် ကျပ် ၁၁၅,၀၀၀၊ နှမ်းဖြူတစ်အိတ် ကျပ် ၁၁၇,၀၀၀၊ နှမ်းညိုတစ်အိတ် ကျပ် ၉၅,၀၀၀၊ နှမ်းနက်(စမုန်)တစ်အိတ် ကျပ် ၁၉၈,၀၀၀ ဖြင့်အရောင်းအဝယ် ဖြစ်ခဲ့ကြကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/144835.html

## ကိုဗစ်ကာလ ကုန်သွယ်မှုအခက်အခဲကြားမှ ငရုတ်ဈေးတက်ကာ အရောင်းအဝယ်ကောင်းနေ

ကိုဗစ်ဖြစ်ပွားနေသည့်ကာလ ကုန်သွယ်မှုအခက်အခဲကြားမှ ငရုတ်ဈေးတက်ကာ အရောင်းအဝယ်ကောင်းမွန်လျက် ရှိကြောင်း စစ်ကိုင်းတိုင်း ငရုတ်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဝင် ဦးစိုးမြတ်ထံမှသိရသည်။ ''သာမို- ၁၁ က

တစ်ပိဿာ ကျပ် ၁၇၀၀ ဈေးရှိတယ်။ ဈေးတက်တယ်။ အရင်ပြီးခဲ့တဲ့လ စက်တင်ဘာလကတစ်ပိဿာ ၁၃၀၀ ဈေးရှိတယ်။ အခုစစိုက်တာလည်း အထွက်နည်းသေးသလို ပြီးခဲ့တဲ့နှစ်ဟောင်းက စိုက်တာကလည်းလျော့တယ်။ ကုန်သွယ်မှုအခက်အခဲကြားက ဈေးကောင်းလာတာပါ။ ကိုဗစ်ကာလမှာ ငရုတ်စားသုံးသူများတော့ အမှာများတယ်။ ဝယ်လိုအားများပေမယ့် ရောင်းလိုအားပစ္စည်းမရှိဘူးဖြစ်နေတယ်''ဟု ဦးစိုးမြတ်ကပြောသည်။

ငရုတ်သီးကို စစ်ကိုင်းတိုင်း ချောင်းဦးနှင့် မြောင်နယ်ဒေသတွင် ကုန်းစိုက်အဖြစ် အစိုက်များနေသော်လည်းယခင် နှစ်များက တစ်ရက် အချိန်ပိဿာ ၁၀၀၀၀ ကျော်ထွက်ရာက မိုးခေါင်၍တစ်ရက် ပိဿာ ၄၀၀၀ ခန့်သာထွက်တော့ကြောင်းသိရသည်။ ''အခုလောလောဆယ် ပြည်တွင်းဈေးကွက်ပဲရှိတာပါ။ အခုလက်ရှိကမန္တလေးကိုဘဲသွားနေတာပါ။ အရင်ကမြစ်ကြီးနား၊ ရန်ကုန်၊ မကွေး၊ မင်းဘူးစတဲ့ဒေသတွေ တိုက်ရိုက်ပို့ခဲ့တယ်။အခုက မန္တလေးတစ်နေရာတည်းပို့ရတယ်။ မန္တလေးကမှပြန်ခွဲဖြန့်တာပေ့ါ''ဟု ငရုတ်စိုက်တောင်သူတစ်ဦးကပြောသည်။ လက်ရှိတွင် ငရုတ်စိုက်ရာသီဟုမရှိတော့ဘဲ တစ်နှစ်လုံးစိုက်နေကြရာဆောင်းရာသီတွင် နွေရာသီထက်ထက်ဝက်ခန့်အထွက်ပိုကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/144811.html

## Brexit အကူးအပြောင်းကာလ မပြီးဆုံးမီ ကုန်ပစ္စည်းများအား စုဆောင်းထားရှိရန် ဆေးဝါးကုမ္ပဏီများအား ဗြိတိန်အစိုးရတိုက်တွန်း

ဗြိတိန်နိုင်ငံသည် အီးယူ၏ ဘုံဈေးကွက်နှင့် အကောက်ခွန်သမဂ္ဂမှ ယခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ထွက်ခွာနိုင်ရေးပြင်ဆင်ဆောင်ရွက်လျက်ရှိရာ သွင်းကုန်အပိုင်းတွင် နှောင့်နှေးမှု ရှိလာ ခဲ့ပါကအဆင်ပြေစေရန်အတွက် သီတင်းပတ် (၆) ပတ်စာ ဆေးဝါးကုန်စည်များကို အရန်အဖြစ် စုဆောင်းထားရှိရန် ဗြိတိန်အစိုးရက ဆေးဝါးကုမ္ပဏီများအား တိုက်တွန်းထားကြောင်း သိရသည်။ ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်သည် COVID-19 ကပ်ရောဂါကြောင့် ဖိအားများရှိနေသဖြင့် အရေးပေါ် အစီအမံများ၏ အဓိကအစိတ်အပိုင်းတစ်ရပ်အဖြစ် ဆေးဝါးကုမ္ပဏီများအား ကုန်ပစ္စည်းများကိုအရန် စုဆောင်းထားရှိရန် တိုက်တွန်းထားခြင်းဖြစ်သည်ဟု ဗြိတိန်၏ ကျန်းမာရေးဝန်ကြီးဌာနက ဆေးဝါး ကုမ္ပဏီများသို့ ပေးပို့သည့် အကြောင်းကြားစာတွင်ဖော်ပြထားကြောင်း သိရသည်။

ဗြိတိန်နိုင်ငံနှင့် အီးယူတို့သည် ဗြိတိန်ခွဲထွက်မှုအလွန်ကာလအတွက် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်အား ညှိနှိုင်းဆွေးနွေးနေပြီး၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့် သတ်မှတ်ရက်မတိုင်မီ သဘောတူညီမှုရရှိနိုင်ခြင်း ရှိ/မရှိဆိုသည်မှာ ရှင်းရှင်းလင်းလင်း မသိရသေးသည့် အခြေအနေဖြစ်သည်။ လက်ရှိဖြစ်ပွားနေဆဲ ကပ်ရောဂါအခြေအနေ၊ ဗြိတိန်နိုင်ငံ၏ အမျိုးသားကျန်းမာရေးဌာန (National Health Service-NHS) ၏ လုပ်ငန်းရပ်များအား တဖြည်း ဖြည်းချင်းပြန်လည်ဆောင်ရွက်နေမှုနှင့် ဆောင်းရာသီတွင် ရာသီတုပ်ကွေးဖြစ်ပွားမှုကဲ့သို့သော ဖိအားများရှိလာနိုင်မှုတို့ကြောင့် Brexit အကူးအပြောင်းကာလမကုန်ဆုံးမီ ကြိုတင်ပြင်ဆင်ထားရ မည်ဖြစ်ကြောင်း ဗြိတိန်အစိုးရ၏ အကြောင်းကြားစာကဆိုသည်။

လူနာများအား ဆေးဝါးကုသစောင့်ရှောက်မှု ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် ဆေးဝါး ကုမ္ပဏီများအနေဖြင့် နှောင့်နှေးနိုင်ဖွယ်ရှိသည့် ကုန်စည်သယ်ယူပို့ဆောင်မှုလမ်းကြောင်းများကို ရှောင်လွှဲနိုင်စေရန် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ထောက်ပံ့ သယ်ယူပို့ဆောင်ရေးအစီအစဉ်များကို ပြန်လည်သုံးသပ်ရန် ဗြိတိန်အစိုးရကတိုက်တွန်းထားကြောင်း သိရသည်။ ဆေးဝါးကုမ္ပဏီများ၏ ကြိုတင်ပြင်ဆင်မှု အစီအမံများနှင့်ပတ်သက်၍ လိုအပ်သလို အကူအညီပေးသွားရန် အဆင်သင့်ရှိသည်ဟု ဗြိတိန်နိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့ ကြောင်းလည်း သိရသည်

**Source: Euractiv**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## NTT က Docomo ကို ရာနှုန်းပြည့် လက်အောက်ခံကုမ္ပဏီအဖြစ်ထားရှိမည်ဖြစ်ကြောင်းသိရ

ဂျပန်နိုင်ငံ၏ အထင်ကရ ကြေးနန်းဆက်သွယ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Nippon Telegraph and Telephone (NTT) က ၎င်း၏ ကြိုးမဲ့ဆက်သွယ်ရေးလုပ်ငန်း ကုမ္ပဏီခွဲတစ်ခု ဖြစ်သည့် NTT Docomo ၏ ရှယ်ယာများ ရာနှုန်းပြည့်ရယူရန် အမေရိကန် ဒေါ်လာ ၄၀ ဘီလီယံ ခန့် တန်ဖိုးရှိသည့် ရှယ်ယာဝယ်ယူမှု ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။

လက်ရှိ၌ NTT သည် ၎င်း၏ကုမ္ပဏီအုပ်စုထဲတွင် အမြတ်အစွန်းအများဆုံးဖြစ်နေသည့် Docomo ၏ ရှယ်ယာ ၆၆ % ကို ပိုင်ဆိုင်ထားကြောင်း သိရပါသည်။ Docomo ကုမ္ပဏီ၏ ပြင်ပရှိ အစုရှယ်ယာ ၃၄ % ကို ရယူခြင်းအားဖြင့် Docomo ကို အပြည့်အဝ ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း မိခင်ကုမ္ပဏီဖြစ်သည့် NTT က ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါသည်။

ဂျပန်တွင် သုံးစွဲသူပမာဏ အများဆုံးဖြစ်သည့် ကြိုးမဲ့ဆက်သွယ်ရေးလုပ်ငန်းမှ အမြတ် အစွန်းများ ပိုမိုရရှိရန် NTT ၏ စီမံအုပ်ချုပ်သူများက မျှော်မှန်းနေကြောင်း သိရပါသည်။ Docomo နှင့်ပူးတွဲ၍ ကြေးနန်းဆက်သွယ်ရေး ဝန်ဆောင်မှုများ ဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် နိုင်ငံ ရပ်ခြားတွင် လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီအုပ်စုများထဲမှ ကုမ္ပဏီများနှင့်ပါ ဆက်သွယ်မှု ပိုမို ခိုင်မာစေရန်ကိုလည်း ကြိုးပမ်းနေပါသည်။

5Gနှင့် အခြားဆက်သွယ်ရေးစနစ်သစ်နယ်ပယ်များတွင် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်လည်း NTTကဆောင်ရွက်နေကြောင်းသိရပါသည်။ ဂျပန်ဝန်ကြီးချုပ်အသစ် Mr. Suga Yoshihide က ဂျပန်မှာ မိုဘိုင်းဖုန်းသုံးစွဲခနှုန်းထား သက်သာလာစေရန် လိုလားနေကြောင်း ပြောကြားခဲ့ပြီးနောက် အခုကဲ့သို့ ဆောင်ရွက်မှုများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပါသည်။ ရှယ်ယာများ ဝယ်ယူမှုပြီးဆုံးပါက NTT Docomo ကို တိုကျို စတော့ရှယ်ယာဈေးကွက်၏စာရင်းမှ ဖယ်ရှားမည်ဖြစ်ကြောင်းဆိုပါသည်။

**Source: The Japan Times, The Japan News, The Yomiuri Shimbun., The Nikkei Asian Review**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## အိန္ဒိယနိုင်ငံ၌ ကြက်သွန်နီ အမျိုးအစား ၂ ခုအား ပြန်လည်တင်ပို့ခွင့်ပြုခြင်း

အိန္ဒိယနိုင်ငံအစိုးရသည် ပြည်တွင်းဈေးကွက်တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် တန်ဖိုးမြှင့်ပြုပြင်ထုပ်ပိုးထားသည့် ကုန်စည်မှအပ ကြက်သွန်နီ အမျိုးအစားများအားလုံး ပြည်ပတင်ပို့ခြင်းအား ၁၄-၉-၂၀၂၀ နေ့မှစတင်၍ တားမြစ်ပိတ်ပင်ထားရာမှ Bangalore Rose နှင့် Krishnapuram အမျိုးအစား ကြက်သွန်နီများအား စည်းကမ်းသတ်မှတ်ချက်များဖြင့် ပြန်လည်တင်ပို့ခွင့်ပြုကြောင်း ၉-၁၀-၂၀၂၀ နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၅-၂၀ ကို ထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) က ထုတ်ပြန်သည့် အဆိုပါအမိန့်ကြော်ငြာစာတွင် Bangalore Rose အမျိုးအစား ကြက်သွန်နီများ တင်ပို့မည့်လုပ်ငန်းရှင်သည် ကာနာတကာပြည်နယ် အစိုးရထံမှတင်ပို့မည့် ကြက်သွန်နီ၏အမျိုးအစားနှင့် အရေအတွက်ဆိုင်ရာ ထောက်ခံချက်ရယူ၍ ဘန်ဂလော မြို့ရှိ DGFT ရုံးခွဲတွင်တင်ပြလျက် ပို့ကုန်ခွင့်ပြုချက်ယူရမည်ဖြစ်ကြောင်း၊ Krishnapuram အမျိုး အစား ကြက်သွန်နီ တင်ပို့မည့်သူများသည် အန္ဒြာပရာဒေ့ရှ်ပြည်နယ် အစိုးရထံမှ အလားတူ ထောက်ခံစာကိုရယူလျက် ချန်နိုင်းမြို့ရှိ DGFT ရုံးခွဲ၌ ပို့ကုန်ခွင့်ပြုချက် လျှောက်ထားရယူရန်ဖြစ်ကြောင်း၊ အဆိုပါ ကြက်သွန်နီအမျိုးအစားတစ်ခုစီအတွက် တန်ချိန် ၁ သောင်းစီကို ၃၁-၃-၂၀၂၀ နေ့ နောက်ဆုံးထားလျက် တမီနာဒူပြည်နယ်၊ ချန်နိုင်းမြို့ရှိ ဆိပ်ကမ်းမှသာ ပြည်ပသို့တင်ပို့ ရမည်ဖြစ်ကြောင်း၊ ချန်နိုင်းဆိပ်ကမ်းရှိ အကောက်ခွန်အာဏာပိုင်သည် သက်ဆိုင်ရာပြည်နယ်အစိုးရများနှင့် DGFT ရုံးခွဲများမှ ထုတ်ပေးသည့် ထောက်ခံစာနှင့် ခွင့်ပြုမိန့်များအပေါ် အခြေပြုလျက် ကြက်သွန်နီများ ပြည်ပတင်ပို့မှု လုပ်ငန်းစဉ်ကို ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယ Business Standard သတင်းဌာနမှဖော်ပြချက်အရ ကာနာတကာပြည်နယ်ရှိ ကြက်သွန်နီစိုက်ပျိုးသည့် တောင်သူများက ပြည်တွင်း၌ ဝယ်လိုအားနည်းပါးသော Bangalore Rose အမျိုးအစား ကြက်သွန်နီ တန်ချိန် ၁၀၀၀၀ တင်ပို့ခွင့်ပြုရန် ဗဟိုအစိုးရထံ တောင်းဆိုခဲ့ကြရာမှ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ Krishnapuram အမျိုးအစား ကြက်သွန်နီသည်လည်း ၎င်း၏အရွယ်အစားနှင့် အနံ့အရသာအား ပြည်တွင်းစားသုံးသူများ နှစ်သက်မှုနည်းပါးဖြင့် ပမာဏကန့်သတ်၍ ပြန်လည်တင်ပို့ခွင့်ပြုခြင်း ဖြစ်ကြောင်း၊ ၎င်းကြက်သွန်နီ ၂ မျိုးအား အရှေ့ တောင်အာရှဒေသရှိ မလေးရှား၊

စင်ကာပူ၊ ထိုင်း နိုင်ငံတို့နှင့် ဟောင်ကောင်၊ ထိုင်ဝမ်၊ သီရိလင်္ကာ စသည့်နိုင်ငံများက အဓိကဝယ်ယူတင်သွင်းလျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၏ စာရင်းများအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ကြက်သွန်နီတင်ပို့မှုမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၂၇.၈၃ သန်းရှိပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ ဧပြီလမှ ဇူလိုင်လအတွင်း ကြက်သွန်နီ ပြည်ပတင်ပို့မှုမှ ဒေါ်လာ ၂၀၃.၃၁ သန်း ရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ၄ လတာအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီတင်ပို့မှုမှာ ၁၅၈% အထိ မြင့်တက်ခဲ့ကြောင်း Live Mint သတင်းဌာနက ဖော်ပြပါသည်။

**Source:** **1. Notification No. 39/2015–20 dated 9th October 2020 of Directorate General of Foreign Trade of India**

**2. Govt allows exports of Bangalore rose onions, Krishnapuram onions, 9 Oct 2020, Business Standard**

**3. Government partially eases export curb on onions, 9 Oct 2020, Live Mint**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## STOCK EXCHANGE (12.10.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 12th Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 9,900 | 2,200 | 21,799,400 | 27,112,747 | 271,127 |
| MTSH | 00002 | 3,650 | -50 | -1.35% | 3,700 | 3,700 | 3,650 | 1,436 | 5,288,200 | 38,929,150 | 142,091 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 6,982 | 153,604,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 54 | 148,500 | 12,823,224 | 35,264 |
| EFR | 00006 | 3,100 | +50 | +1.64% | 3,050 | 3,100 | 3,050 | 4 | 12,350 | 19,977,223 | 61,929 |

### Market summary

As of 12th Oct. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 436.20 | -0.64 | -0.15% | 436.84 | 437.51 | 435.68 | 10,676 | 180,852,450 | 6 | 649,044 |

**Index chart**



## Market Overview

As of 1:00 pm, 12th Oct. 2020

| MYANPIX | 436.20 ▼ 0.64 |
|---|---|
| Total Volume (shares) | 10,676 |
| Total Value (MMK) | 181 mil |
| Listed Company | 6 |
| Market Cap. (MMK) | 649,044 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,650 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 3,100 | ▲ 50 |

Activate
Go to Setti

TIR